**စည်းကမ်းသတ်မှတ်ချက်များ**

Tourist SIM ကို အသုံးပြုခြင်းအားဖြင့် အောက်ဖော်ပြပါ စည်းကမ်းသတ်မှတ်ချက်များကို သဘောတူ လက်ခံပါသည်။

1. Tourist SIM အား ပထမဆုံးအကြိမ်ငွေဖြည့်ခြင်း အမျိုးအစား (၃)မျိုးရှိပါသည်။ ၎င်းတို့မှာ Light, Standard နှင့် Premium တို့ ဖြစ်ပါသည်။
2. Tourist SIM အား ပထမဆုံးအကြိမ် ငွေဖြည့်ခြင်းဖြင့် တစ်ကြိမ်တည်းသော ဖုန်းငွေဖြည့် လက်ဆောင် ကို လက်ခံရရှိရန် အထက်တွင်ဖော်ပြထားသော ဖုန်းငွေဖြည့်ခြင်း အမျိုးအစား (၃)မျိုးအနက်မှ (၁)မျိုးမျိုးကို ရွေးချယ်အသုံးပြု၍ ငွေဖြည့်ခြင်းကို ပြုလုပ်ရမည်ဖြစ်ပါသည်။ ပထမဆုံး အကြိမ်ငွေဖြည့်ခြင်းအတွက် ရရှိမည့် Bonus ပမာဏသည် ပထမဆုံးအကြိမ် ရွေးချယ်လိုက်သည့် ဖုန်းငွေဖြည့်သည့် အမျိုးအစားပေါ်မူတည်မည်ဖြစ်သည်။ (“လက်ဆောင်များ”)
3. MPT GSM/WCDMA Prepaid စနစ် စတင်အသုံးပြုသူများအားလုံးသည် ပထမဆုံးအကြိမ်ဖုန်းငွေဖြည့်ခြင်းဖြင့် လက်ဆောင်များအား လက်ခံရရှိနိုင်မည်ဖြစ်သည်။
4. DMS Channel တစ်မျိုးတည်းဖြင့်သာ ငွေဖြည့်သွင်းရမည်ဖြစ်သည်။
5. အပိုဆောင်းဖုန်းဘေလ်လက်ဆောင်ကို မည်သည့် အော်ပရေတာကိုမဆို ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်း၊ Pay-As-You-Go စနစ်ဖြင့် အင်တာနက်အသုံးပြုခြင်းတို့အတွက် အသုံးပြုနိုင်ပါသည်။
6. MPT အချင်းချင်းဖုန်းခေါ်ဆိုခြင်း၊ စာတိုပေးပို့ခြင်း၊ ဒေတာ အသုံးပြုခြင်း နှင့် အပိုဆောင်းဖုန်းဘေလ်လက်ဆောင်များ အသုံပြုခြင်းတို့အား ရက်ပေါင်း (၃၀) အတွင်း၌သာလျှင် အသုံးပြုနိုင်မည် ဖြစ်သည်။ Main Balance (ဖုန်းဘေလ်)သက်တမ်းမှာ ၃၆၅ ရက် ဖြစ်ပါတယ်။

7. Standard (သို့မဟုတ်) Premium အမျိုးအစားဖြင့် Tourist SIM အား ပထမဆုံး အကြိမ်ဖုန်းငွေဖြည့်ခြင်းအတွက် ရက်ပေါင်း (၃၀) အသုံးပြုနိုင်သော IDD ပရိုမိုးရှင်း Package သုံးစွဲခွင့် ကို အခမဲ့ (တစ်ကြိမ်တည်းသာ) အသုံးပြုနိုင်မည်ဖြစ်ပါသည်။

8. https://www.mpt.com.mm /en/terms-conditions-ver-2/ တွင်ဖော်ပြထားသော MPT၏ အထွေထွေ စည်းကမ်းချက်များသည်လည်း ဤစည်းကမ်းသတ်မှတ်ချက်များနှင့် အကျုံးဝင်သက်ဆိုင်မည် ဖြစ်သည်။